# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း ရန်ကုန်မြို့၊ တရုတ်သံရုံးမှ သံမှူး Mr.Wang Daopan ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်၊ ဇူလိုင် ၃

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း သည် ရန်ကုန်မြို့၊ တရုတ်သံရုံးမှ သံမှူး Mr.Wamg Daopan ဦးဆောင်သော အဖွဲ့အား ၃-၇-၂၀၂၆ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ လွှတ်တော်ရေးရာဆောင် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ- တရုတ် ချစ်ကြည်ရေး ပိုမိုခိုင်မာအားကောင်းလာစေရန် လွှတ်တော်ချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံ သဘောတူညီမှု (၁၈) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး၊ အာဆီယံပါလီမန် ဆိုင်ရာကိစ္စရပ်များ၊ IPU ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။